# မမြင်နိုင်တဲ့သံယောဇဉ်

အဝေးတစ်နေရာမှာ တုန်ရီကာချမ်းလို့နေသူ တိတ်တိတ်ကလေးကြိတ် ငိုလို့ကွယ်။
ကောင်းကင်ပြာပြာ တစ်ယောက်တည်း ငေးမျှော်ရင်း သူကျန်းမာရဲ့လား တီးတိုး ရေရွတ်ပြီး

တီဗွီထဲတွေ့ရတဲ့ တောင်လောက်နီးနီး အကျိုးအပဲ့တွေ တုန်လှုပ်သွား တုန်ရီသွား ကိုယ့်နှလုံးသားထဲမှာ
ပျက်စီးသွားဝန်းကျင် ကွယ်ပျောက်အပြုံးမျက်နှာ    ကိုယ်မသိတဲ့ ကြေညာသွား အမည်များ

အားလုံးတို့များဟာ ချည်နှောင်နေတယ်သံယောဇဉ်
တစ်ယောက်နဲ့တစ်ယောက် ကြားမှာ အတွယ်တာ တွေရှိတယ်။
သေးကွေးကာငယ်လွန်းတဲ့ အချိန်တိုတိုဘဝထဲ
မြဲမြံလို့တင်းခိုင်လို့ ရစ်ပတ်နှောင်တွယ်ထားတယ်။
ဒီမျက်ရည်တွေကို ကြင်နာစွာသုတ်ပေးမယ့် သူရှိမှာမလွဲဘူး

အားလုံးတို့များဟာ မမြင်နိုင်တဲ့သံယောဇဉ်
ဒါ့ကြောင့်လဲ မင်းဟာ အဖော်မဲ့ မဟုတ်ဘူးနော်
ကမ်းလိုက်ပါလေဆန့်တန်းလိုက် တုန်ယင်နေတဲ့ဒီလက်ကလေး
တစ်ယောက်ကိုတစ်ယောက် မသိပေမယ့်    ဆုပ်ကိုင်မယ်လေယုံလိုက်ပါ
လာလေ ရယ်မောစို့ ပျော်ရွှင်စရာနေ့များသို့ အတူတို့တွေရှိနေတယ်။

အဝေးတစ်နေရာ ကယ်တင်နိုင်ခဲ့တဲ့ကလေး ရွှမ်းလဲ့ကြည်နူးအပြုံးနဲ့ ရယ်မောနေ။
နေ့ရက်တွေကို မျှော်လင့်ခြင်းပြည့်စွာနဲ့ ကြည်လဲ့လဲ့မျက်ဝန်းပြုံးလို့ ပျော်ရွှင်နေ။

ပျောက်ဆုံးသွားတဲ့အရာ ပြိုပျက်ပြီးသွားတဲ့အရာ တစ်ချိန်တုန်းက ပုံနှိပ်ထားတဲ့ နေ့များအမှတ်တရတွေ
နာကျင်ဝမ်းနည်းခြင်းတွေ ငိုကြွေးလို့မပြီးသေးချိန် အမှောင်ညပြီးလို့ ရောင်ခြည်နေ့သစ်ရောက်ဦးမယ်။

အားလုံးဟာတို့များဟာ မမြင်နိုင်တဲ့သံယောဇဉ်
တစ်ယောက်နဲ့တစ်ယောက် ကြားမှာ ချည်နှောင်လို့နေကြတယ်
ဒို့ရဲ့လက်ကလေးတွေ ခိုင်ခိုင်မြဲယှူငင်တွဲ
ဆက်သွယ်ထားကမ်းယူလက် ချိတ်ဆက်ကာလေ အတူရှိတယ်
ဒီလိုနဲ့တစ်ရက်ပြီးတစ်ရက် အတွယ်အတာတွေကိုရစ်ဖွဲ့ ခွန်အားတွေအပြည့်ရှိတယ်။

အားလုံးဟာတို့များဟာ မမြင်နိုင်တဲ့သံယောဇဉ်
ဒါ့ကြောင့်လဲ မင်းဟာ အဖော်မဲ့ မဟုတ်ဘူးနော်
ကမ်းလိုက်ပါလေဆန့်တန်းလိုက် တုန်ယင်နေတဲ့ဒီလက်ကလေး
စိတ်ချထား တစ်ယောက်ဆီတော့ ရောက်လိမ့်မယ်လေ ယုံလိုက်ပါ
လာလေ ရယ်မောစို့ ပျော်ရွှင်စရာနေ့များသို့ အတူတို့တွေရှိနေမယ်။